# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၂၃)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ၁၉-၇-၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)




သခင်မြ | ဒီးဒုတ်ဦးဘချို | ဦးဘဝင်း | စဝ်စံထွန်း | မန်းဘခိုင် | ဦးရာဇတ် | ဦးအုန်းမောင် | ရဲဘော်ကိုထွေး

## အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုပါ၏။

၂၀၂၆ ခုနှစ် ၊ ဇူလိုင် ၁၉ ရက် ၊ တနင်္ဂနွေနေ့။
မန္တလေး နေ့စဉ်

# (၇၉) နှစ်မြောက် အာဇာနည်နေ့

၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်သည် (၇၉) နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။

"နှစ်လကြာရှည်၊ ခါရာသီရွှေ့ပေမယ့်အာဇာနည်နေ့ကိုတော့ မမေ့သင့်ပါသည်"ဟူ၍လည်းကောင်း၊ "၁၉ ဇူလိုင်၊ မမေ့နိုင်"ဟူ၍ လည်းကောင်း ရေးဖွဲ့ခဲ့ကြသည့်အတိုင်း ဇူလိုင် ၁၉ ရက်နေ့သည် မြန်မာပြည်သူများအတွက် မမေ့နိုင်သော နေ့တစ်နေ့ဖြစ်သည်။

အာဇာနည် ဟူသော ဝေါဟာရသည် "အာဇာနေယျ"ဟူ၍ ပါဠိစကားမှဆင်းသက်လာခြင်းဖြစ်ပြီး သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟု အနက်ရသည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ဇူလိုင်လ ၁၉ ရက်တွင် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို စွန့်လွှတ်သွားကြရသည်။ အထိမ်းအမှတ်ပြုသည့် အဆိုပါနေ့ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

"ဗမာပြည်လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်၊ တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊ သူ့ရဲကောင်းတဲ့၊ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည် တွေရယ်"ဟူသော တေးသွားအတိုင်း ဗိုလ်ချုပ်နှင့်ခေါင်းဆောင်ကြီးများသည် တိုင်းတစ်ပါးတို့၏ လက်အောက်တွင် နှစ်ပေါင်းများစွာနေနေရသည့် သူ့ကျွန်ဘဝမှ တစ်မျိုးသားလုံးလွတ်မြောက်စေရန် ဆင်းရဲဒုက္ခအမျိုးမျိုးခံ၊ မိမိအသက်အိုးအိမ်စည်းစိမ်တို့ကို စွန့်လွှတ်ပြီး ကိုယ်ကျိုးမဖက် ဆောင်ရွက်ခဲ့ကြသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့မှုကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအပါအဝင် တစ်မျိုးသားလုံး၏ ညီညွတ်ခိုင်မာသော စည်းလုံးမှုကိုရရှိခဲ့သဖြင့် အရင်းရှင်နယ်ချဲ့တို့ကို အပြီးအပိုင် အောင်မြင်စွာ တော်လှန်နိုင်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရအံ့မူးမူး ပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ်နေဆဲ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်နှင့်အတူ လွတ်လပ်ရေးအတွက် အရေးပါသော ခေါင်းဆောင်များဖြစ်သည့် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးဘဝင်း၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး တို့လည်း ကျဆုံးခဲ့ရသည်။ ပြည်သူတစ်ရပ်လုံးအတွက် ကျေးဇူးအထူးကြီးမားသော အထင်ကရ နိုင်ငံရေးခေါင်းဆောင်ကြီးများဖြစ်ကြ၍ နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအတွက် လေးစားဖွယ် အာဇာနည်များဖြစ်ကြသည်။ ဂုဏ်ပြုအပ်သော အာဇာနည်အပေါင်းအတွက် နိုင်ငံတော်အဆင့် အာဇာနည်နေ့ အခမ်းအနားများကို နှစ်စဉ်မပျက်မကွက် ကျင်းပခဲ့ကြသည်။

အာဇာနည်ဆိုသည်မှာ လူသေသော်လည်း နာမည်မသေသောသူများဖြစ်သည်။ သူတို့၏ စေတနာ၊ သူတို့၏ မေတ္တာ၊ သူတို့၏ ကရုဏာ၊ သူတို့၏ စွမ်းဆောင်မှုများကြောင့် မြန်မာပြည်လွတ်လပ်ရေးရရှိခဲ့သည်။ အာဇာနည်များ အသက်သွေးနှင့်ရယူပေးခဲ့သော လွတ်လပ်ရေးအဓွန့်ရှည်အောင် ထိန်းသိမ်းရမည်မှာ နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်ဖြစ်သည်။

အာဇာနည်နေ့ကို လွမ်းဆွတ်နေရုံမျှဖြင့် မပြီးသေးပါ။ ခေါင်းဆောင်ကြီးများက အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးတည်ဆောက်ထားခဲ့သော မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းကြမှသာ လျှင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရာ သစ္စာစောင့်သိရာ ရောက်မည်ဖြစ်ရာ ဂုဏ်ပြုချီးကျူး အလေးအမြတ်ပြုကြပါစို့ဟူ၍ ယနေ့ (၇၉) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နှိုးဆော်လိုက်ရပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ယမန်နေ့က ဆပ်ပြာကျင်း ကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ လိုက်နာရန် စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သော စီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကန်ကြီးကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀

၀-၀-၀-၀

## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရွှေဂူမိဘမဲ့ အခြေခံပညာမူလတန်းလွန်ကျောင်းတို့ပူးပေါင်း၍ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ ရွှေဂူမိဘမဲ့ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တခေမိန္ဒ (မဟာသဒ္ဓမ္မဇောတိကဓဇ)က အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာချိုက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်သူဇာစိုး၊ ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်တို့က လူငယ်နှင့်မူးယစ်ဆေး၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

## ထရန်စဖော်မာများ ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် သန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်၊ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထရန်စဖော်မာများ ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် ထရန်စဖော်မာနှင့် အနီးဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက အရှေ့မြို့ရှောင်လမ်း သီရိမင်္ဂလာရပ်ကွက်ရှိ ၁၁/၀ ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာများ ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် ထရန်စဖော်မာ အနီးဝန်းကျင်ရှိ ပေါင်းမြက်များ သန့်ရှင်းရေးတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မိုး ဦးဆောင်သည့် ဝန်ထမ်းများသည် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရယူသုံးစွဲနိုင်စေရန်အတွက် အရှေ့မြို့ရှောင်လမ်းရှိ ၁၁/၀ ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာအား ကြံ့ခိုင်မှု စစ်ဆေးခြင်းများဆောင်ရွက်၍ ဝန်ထမ်းများက ထရန်စဖော်မာ အနီးဝန်းကျင်ရှိ ပေါင်းမြက်များအား ခုတ်ထွင်ဖယ်ရှား ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ အောင်မင်္ဂလာရပ်ကွက်၊ ဟိန်းဟိန်းစတိုးလမ်းကြားရှိ ၁၁/၀ ဒသမ ၄ ကေဗွီဖြန့်ဖြူးရေး ထရန်စဖော်မာနှင့် အောင်မင်္ဂလာရပ်ကွက် စည်ပင်ရေစက်အနီးရှိ ၁၁/၀ ဒသမ ၄ ကေဗွီ ဖြန့်ဖြူးရေး ထရန်စဖော်မာများ ကြံ့ခိုင်မှု စစ်ဆေးခြင်းနှင့် ပေါင်းမြက်များ သန့်ရှင်းရေးတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၅၆)

၀-၀-၀-၀-၀

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ပုညနန္ဒာမွေ့ရာရုံတွင် သံဃာတော် အရှင်သူမြတ်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၆၁ ပါး၊ ဒေသခံပြည်သူ ၁၁၆ ဦး၊ စုစုပေါင်း ၁၇၇ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၃၈)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

## စက်ရုံလည်ပတ်ရေးအတွက် လိုအပ်သည့်ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး စီမံဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) လည်ပတ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်သမ္မတအား စက်ရုံအစည်းအဝေးခန်းမတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)ဆိုင်ရာ အချက်အလက်များ၊ စက်ရုံလည်ပတ်နိုင်ရေးနှင့် ပတ်သက်၍ ရရှိနိုင်မည့်ကုန်ကြမ်း အမျိုးအစားနှင့် ပမာဏအပေါ် မူတည်ပြီး တစ်နှစ်လျှင် တန်ချိန် ၅ သိန်း ချက်လုပ်နိုင်သော Modular Type Refinery အား Phase I အဖြစ် စတင်ဆောင်ရွက် လျက်ရှိမှု ၊ Phase II အဖြစ် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ Phase I နှင့် Phase II တည်ဆောက်ခြင်းအား ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ရေနံစိမ်း၊ ရေနံထွက်ပစ္စည်းများ ပို့ဆောင်ရန် ပိုက်လိုင်းသွယ်တန်းခြင်း၊ သဘာဝဓာတ်ငွေ့များ ပို့ဆောင်ပေးမည့် ပိုက်လိုင်းသွယ်တန်းခြင်း၊ စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်းနှင့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ တစ်နှစ်လျှင် တန်ချိန် ၅ သိန်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံ Phase I အား ယခုနှစ် စက်တင်ဘာလတွင် လည်ပတ် ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး Phase II ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ Phase II ပြီးစီးချိန်တွင် နိုင်ငံတော်လိုအပ်ချက်၏ ဓာတ်ဆီ ၆၀ ရာခိုင်နှုန်း၊ ဒီဇယ်ဆီ ၅၀ ရာခိုင်နှုန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့်အခြေအနေ၊ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ စွမ်းအင်ပြတိုက်အတွင်း ကြည့်ရှုစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ရပ်နားခဲ့ရခြင်းဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးပြီး အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် မိမိတို့ နိုင်ငံတော် တာဝန်ယူခဲ့ရစဉ် ကာလအတွင်း ယခုစက်ရုံအား အသစ်ပြန်လည် တည်ဆောက်လည်ပတ်နိုင်ရေး တွန်းအားပေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ စက်ရုံလည်ပတ်ချိန်တွင် ပြည်သူလူထုအတွက် အလုပ်အကိုင်များလည်းရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်လည်းဖြစ်ကြောင်း၊ ပြည်ပမှ စက်သုံးဆီ တင်သွင်းနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုများလည်း လျှော့နည်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ Phase I တည်ဆောက်နိုင်ခဲ့ခြင်းသည် မိမိတို့အစိုးရ၏ မော်ကွန်းမှတ်တိုင် တစ်ခုပင်ဖြစ်ကြောင်းနှင့် စက်ရုံလည်ပတ်ရေးအတွက် လိုအပ်သည့်ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေးအတွက်လည်း စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

### လိုအပ်သည်များမှာကြား

ပြည်တွင်းထုတ် စက်သုံးဆီများအား ယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကိုလည်း ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သန်လျင်ဒေသသည် ပူပြင်းသည့်ဒေသတွင် ပါဝင်သဖြင့် စက်ရုံမီးဘေး လုံခြုံရေးအတွက်လည်း ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ အမြဲစိမ်းသစ်ပင်များ၊ အရိပ်ရလေကာပင်များနှင့် အုန်းပင်များကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ခင်းကျင်းပြသ

ထို့နောက် နိုင်ငံတော်သမ္မတသည် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ပြတိုက် ပြင်ပပြကွက်များနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုဆိုင်ရာ သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက် ရေနံထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်း ကိရိယာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရေနံချက်စက်ရုံ Phase I တည်ဆောက်နေမှုအခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ခဲ့ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ❖ စက်ရုံလည်ပတ်ချိန်တွင် ပြည်သူလူထုအတွက် အလုပ်အကိုင်များလည်းရရှိနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်လည်းဖြစ်၊ ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများလည်း လျှော့နည်းနိုင်မည်
- ❖ ပြည်တွင်းထုတ် စက်သုံးဆီများအား ယုံကြည်စိတ်ချစွာဖြင့် အသုံးပြုနိုင်ရေး ရေနံချက်စက်ရုံများ၏ သန့်စင်မှုရာခိုင်နှုန်းကိုလည်း ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

## ပြည်သူများ စားရေးအဆင်ပြေမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို ဒေသအလိုက် မပြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်

နေပြည်တော် ဇူလိုင် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်၊ ရွှေပြည် စိုက်ပျိုးမွေးမြူရေးဇုန် (မှော်ဘီ)၊ (၂၆)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့သို့ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဇုန်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှု၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးဝက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား စသည့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်း တိုးတက်မြင့်မားစေရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ ခေတ်မီနည်းစနစ်နှင့် စက်ကိရိယာများ သုတေသနပြု အသုံးချမွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းနှင့် မွေးမြူရေးအစာ အရည်သွေးပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိမှု၊ တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများဖြင့် Bio-Gas ထုတ်လုပ်နိုင်ရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များထုတ်လုပ်လျက်ရှိမှု၊ အစေ့ထုတ်ပြောင်းစပ်မျိုး (Hybrid) စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးပြီးစီးမှု၊ ရော်ဘာစိုက်ပျိုးရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်သီးနှံပင်များ၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် ဇုန်များအလိုက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ငါးမွေးမြူရေးလုပ်ငန်း (မအူပင်)၊ ငါးမွေးမြူရေးလုပ်ငန်း (ရွှေမုယင်း)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ တန် ၅၀၀ အအေးခန်းစက်ရုံ (လှိုင်သာယာ)၏ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

❑ ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လို

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းသည် ဒေသတွင်း အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ရာသီသီးနှံများ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် မိမိတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ် ကတည်းကပင် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တို့ကို တာဝန်များခွဲဝေကာ အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း။

### စားရေးကို များစွာ အထောက်အကူဖြစ်စေနိုင်

သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် အသားငါးများသည် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့် သီလဝါစက်မှုဇုန်တို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေလျက်ရှိကြောင်း၊ အလားတူ ငါးမွေးမြူရေးလုပ်ငန်း(ရွှေမုယင်း) မှ ထွက်ရှိသည့်ငါးများ၊ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်(မှော်ဘီ)မှထွက်ရှိသည့် ဝက်သား၊ ကြက်ဥနှင့် ကြက်သားများ၊ (၂၆) မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံမှ ထွက်ရှိသည့် အသား၊ နို့နှင့်နို့ထွက်ပစ္စည်းများသည်လည်း ရန်ကုန်တိုင်းဒေသကြီး၏ စားရေးကိုများစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေကြကြောင်း၊ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြှင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာသမားရိုးကျ နည်းလမ်းများဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးသည့်

*စာမျက်နှာ ၅ သို့*





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုး မွေးမြူရေးဇုန်အတွင်း ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

## တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၊ ည ၇ နာရီ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



*စာမျက်နှာ ၄ မှ*

နည်းလမ်းများကို အသုံးပြု ဆောင်ရွက်ကြရန်လိုကြောင်း။

**စနစ်တကျဆောင်ရွက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာ ရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ ဇုန်များအလိုက် မြေအသုံးချမှုများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရန်လိုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများ တိုးမြှင့်လာစေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

နိုင်ငံတော်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုရှိသည်ဟု ဆိုရာတွင် ပြည်သူလူထု၏စားရေးအဆင်ပြေရန်၊ စီးပွားရေးအရ ပြေလည်ရန် အဓိက လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စားရေးအဆင်ပြေမှု ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကိုဒေသအလိုက် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အကျိုးအမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ပြည်သူလူထုအနေဖြင့် အသား၊ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် လုံလုံလောက်လောက် ဝယ်ယူစားသောက်နိုင်စေရေးအတွက်ကိုသာ အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရန်ကုန်မြို့သည် ယခင်က နိုင်ငံတော်၏ မြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေးအရ အချက်အချာကျသည့် မြို့၊ ဖွံ့ဖြိုးတိုးတက်သည့်မြို့၊ အသိပညာအတတ်ပညာရှင်များဖြင့် စုစည်းကျစ်လျစ်သည့်မြို့ စသည့် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် မြို့ဖြစ်သဖြင့် အခြားသောမြို့များထက် ဦးဆောင်စံပြဖြစ်ရမည်ဖြစ်ပြီး ဒေသတွင်းစားရေး အဆင်ပြေစေရေးအတွက် ဆက်လက်အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ အလားတူအခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အသား၊ ငါးနှင့် ဥများ ဖူလုံမှုရှိစေရေး ဒေသအလိုက်နေထိုင်သည့် လူဦးရေနှင့်စားသုံးမှုအပေါ် မူတည်တွက်ချက်၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှုများသည်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် တန်ဖိုးမြင့်ရော်ဘာထုတ်ကုန်များ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများနှင့် ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီး အတွင်း လိုအပ်လျက်ရှိသည့် လယ်ယာသုံး စက်ကိရိယာများ အပါအဝင် စက်ပစ္စည်းအမျိုးမျိုးကိုလည်း ထုတ်ကုန်ပစ္စည်းများ အဖြစ် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ MSME ကို အခြေခံသည့် စီးပွားရေးနှင့် စုပေါင်းလုပ်ဆောင်သည့် သမဝါယမစနစ်ကို ကျင့်သုံးဆောင်ရွက်သွားမည် ဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်လာစေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မွေးမြူရေးဇုန်အတွင်း ငါးတန်၊ ငါးမြစ်ချင်း၊ ငါးမုတ်တို့အား ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ငါးမွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရှင်းလင်းဆောင် ခန်းမအတွင်း၌ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကိုကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် လက်တွေ့လိုက်နာဆောင်ရွက်မှု သင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့ ပူးပေါင်း၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering & Countering the Financing of Terrorism-AML/CFT) ဆိုင်ရာ အသိပညာနှင့် လက်တွေ့လိုက်နာဆောင်ရွက်မှု သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နဝဒေး ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းနာယက ဦးကျော်ညွှန့်နှင့် အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက AML/CFT ဆိုင်ရာ အခြေခံ ဗဟုသုတများနှင့် ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းတို့၏ လုပ်ငန်းတာဝန်များ၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သတင်းပို့ရန်တာဝန်များနှင့် စာရင်းလုပ်ငန်းများက လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် လိုက်နာဆောင်ရွက်မှု စစ်တမ်းမေးခွန်းလွှာ (Off - Site Questionnaires) ဖြေဆိုမှုပုံစံတို့ကို ရှင်းလင်းရာ သင်တန်းတက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ သိရှိနားလည်မှု ဆန်းစစ်ချက်မေးခွန်းများကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




**မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်**

နေပြည်တော် ဇူလိုင် ၁၈

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ ဇူလိုင် ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။**



အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မြို့ မင်းကျောင်းပထမ ပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်များ အနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကလျာဏက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတက လည်းကောင်း ဝေဖန် ဆွေးနွေးတော်မူကြပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ဒုတိယနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကိုအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက က အတည်ပြုချက်ရယူပြီး နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော် မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော တပည့်ဒကာဒကာမများက အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

❑ စာမျက်နှာ ၂၄ မှ

ဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့သည် ရှီးဇန့် အရှေ့တောင်ဒေသယဉ်ကျေးမှုပြတိုက် (Southeast Tibet Museum)သို့ ရောက်ရှိကြပြီး ပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြတိုက်၏ နောက်ခံသမိုင်းကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ လူမျိုးစုအလိုက် ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငွေထည်ပစ္စည်းများ၊ လူမျိုးစုများ၏ လူနေမှုဘဝနှင့် ဓလေ့ထုံးတမ်းများ၊ အားကစားနည်းများ၊ သမိုင်းဖြစ်စဉ်များကို အများပြည်သူလေ့လာနိုင်ရေး ပြသထားသည့် ပြခန်းများကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ လှည့်လည်ကြည့်ရှုလေ့လာကြသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရှီးဇန့်အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်ကို ကြည့်ရှုလေ့လာစဉ်။

ရှီးဇန့် အရှေ့တောင်ဒေသ ယဉ်ကျေးမှုပြတိုက်သည် တိဘက်ဒေသ အရှေ့တောင်ပိုင်း၏ သမိုင်း၊ ယဉ်ကျေးမှု၊ လူမျိုးစုဓလေ့ထုံးတမ်းများ၊ ရှေးဟောင်း အမွေအနှစ်များနှင့် သဘာဝဂေဟစနစ်ဆိုင်ရာ အချက်အလက်များကို စုစည်းပြသထားသည့် အထင်ကရပြတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ညင်ချီ(ခ)လင်ကျစ်မြို့ရှိ ရန်နီ အမျိုးသားစိမ့်တောဥယျာဉ်သို့ ရောက်ရှိကြရာ ရန်နီစိမ့်တောမှ တာဝန်ရှိသူတစ်ဦးက စိမ့်တောအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် ရေဝေရေလဲဒေသများ စီမံခန့်ခွဲရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တည်ဆောက်ထားသော သဘာဝလေ့လာရေး လမ်းကြောင်းများ၊ ရှုခင်းကြည့်စင်များ၊ ယာလွန်ဇန်ဘို (Yarlung Tsangpo)မြစ်နှင့် သဘာဝရှုခင်းများကို ကြည့်ရှုလေ့လာကြသည်။

အမျိုးသားစိမ့်တော ဥယျာဉ်သည် ယာလွန်ဇန်ဘိုမြစ်ကမ်းတစ်လျှောက်တွင် တည်ရှိပြီး မြင့်မားသော တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ ရေစိုမြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို သဘာဝအတိုင်း ထိန်းသိမ်းထားရှိသည့် ထင်ရှားသော ဂေဟစနစ်နယ်မြေတစ်ခုဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ဇူလိုင် ၁၅ ရက်ကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ တုံနန်းပန်းဈေးကွက်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ဈေးကွက်၏ ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေ၊ ပန်းမန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချနေမှု လုပ်ငန်းစဉ်များ၊ ပန်းလေလံတင်ရောင်းချသည့်စနစ်၊ အီလက်ထရောနစ်ကုန်သွယ်မှုစနစ်နှင့် နိုင်ငံတကာသို့ ပန်းမန်တင်ပို့ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပန်းအရောင်းပြခန်းများ၊ ပန်းလေလံတင်ခန်းမ၊ ပန်းအရည်အသွေးစစ်ဆေးရေးဌာန၊ ထုပ်ပိုးရေးလုပ်ငန်းများနှင့် ပန်းမန်လုပ်ငန်းတွင် အသုံးပြုနေသည့် ခေတ်မီနည်းပညာများ၊ ဒီဂျစ်တယ်စီမံခန့်ခွဲမှုစနစ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တုံနန်းပန်းဈေးကွက်ကို ၁၉၉၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုတွင် ပန်းခင်းဧရိယာ ဧက ၆၀၀၀ ကျော်ရှိကြောင်း၊ တုံနန်းပန်းဈေးကွက်သည် အာရှတွင် အကြီးဆုံးနှင့် ကမ္ဘာတွင် ဒုတိယအကြီးဆုံး ပန်းလက်လီ/လက်ကားရောင်းဝယ်ရေးဈေးကွက်ဖြစ်ပြီး နှင်းဆီ၊ လီလီ၊ ကာနေးရှင်း၊ သစ်ခွနှင့် အခြားပန်းမျိုးစုံကို နေ့စဉ်ရောင်းဝယ်လျက်ရှိရာ တရုတ်နိုင်ငံအပြင် အရှေ့တောင်အာရှ၊ တောင်အာရှ၊ ဥရောပနှင့် အခြားနိုင်ငံများသို့ တင်ပို့ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၂လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်းတွင် (၇၉) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ စာသင်ခန်းတွင် ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

ပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ခွဲခြားပြီး "အာဇာနည်စိတ်ဓာတ်နှင့် ယနေ့လူငယ်တို့တာဝန်" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြရာ ကျောင်းအုပ်ဆရာကြီးနှင့် သင်ကြားရေးဆရာများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ "စာမေးပွဲ မြန်မာစာဘာသာရပ်မှာ စာစီစာကုံး မေးခွန်းပါရှိနေတော့ ကျောင်းသား၊ ကျောင်းသူတွေ စာစီစာကုံး အရေးအလေ့အကျင့်ရစေဖို့နဲ့ ထူးခြားတဲ့နေ့တွေ မှတ်မိသိရှိစေဖို့ ပြိုင်ပွဲကျင်းပပေးရခြင်းဖြစ်ပါတယ်"ဟု ဆရာဦးငွေတိုးက ပြောကြားကြောင်း သိရသည်။

PNT



## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ပုသိမ်ကြီး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇နာရီက သမဝါယမကောလိပ်(မန္တလေး)၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းအင်အား ၂၀၀ ဦးခန့် ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မေဝတီ(ပုသိမ်ကြီး)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မီးရထားကို ဟာရီယာနာပြည်နယ်ရှိ ဂျစ်န်မြို့နှင့် ဆိုနီပတ်မြို့တို့အကြား ပြေးဆွဲခဲ့



**ဒေလီ ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်သုံး မီးရထားကို ဇူလိုင် ၁၇ ရက်က စတင်မိတ်ဆက်ပြေးဆွဲခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုရထားပြေးဆွဲမှုသည် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရင်း ကမ္ဘာ့အကြီးဆုံး ရထားကွန်ရက်များထဲမှ တစ်ခုကို ခေတ်မီအောင်ပြုလုပ်ရန် ပိုမိုကျယ်ပြန့်သော တွန်းအားပေးမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

တွဲဆိုင်း ၁၀ ဆိုင်းပါဝင်သော အဆိုပါရထားကို ၁၂၀၀ ကီလိုဝပ်ရှိ ဟိုက်ဒရိုဂျင်လောင်စာဆဲလ် မောင်းနှင်မှုစနစ်ဖြင့် စွမ်းအင်ပေးထားပြီး အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟာရီယာနာပြည်နယ်ရှိ ဂျစ်န်မြို့နှင့် ဆိုနီပတ်မြို့တို့အကြား ၈၉ ကီလိုမီတာ ရှည်လျားသော လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်း ဖြစ်သည်။

ဟိုက်ဒရိုဂျင်ရထားများသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ကို ပေါင်းစပ်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လောင်စာဆဲလ်များကို အသုံးပြုကြပြီး ရေနှင့် ရေနွေးငွေ့များကိုသာ ထုတ်လွှတ်ကြောင်း သိရသည်။

Mon

## အသက် ၁၁ နှစ်အရွယ် တရုတ်ကျောင်းသားလေး လျန်ချန်ဟောင် အော်ရိဂမီ စက္ကူဖားရုပ်ခုန်ပျံစေသည့် ဂင်းနစ်ကမ္ဘာ့စံချိန်သစ်တင်

**ပေကျင်း ဇူလိုင် ၁၈**

တရုတ်နိုင်ငံမှ အသက် ၁၁ နှစ်အရွယ် ကျောင်းသားလေးတစ်ဦးသည် ၎င်း၏ လက်သည်းခွံခန့်ရှိသော အော်ရိဂမီ စက္ကူဖားရုပ်ကလေးကို အံ့အားသင့်ဖွယ် ၂ ဒသမ ၅၂ မီတာအထိ ခုန်ပျံစေခဲ့ပြီးနောက် ယခင်ကမ္ဘာ့စံချိန်ကို တစ်မီတာကျော်ဖြင့် ကျော်ဖြတ်ကာ ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းဝင်သွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဝူလင်မြို့ရှိ ဝူလင်ဆရာဖြစ်ကောလိပ်တွဲဖက် ချူဝမ်မူလတန်းကျောင်းမှ ကျောင်းသားဖြစ်သူ လျန်ချန်ဟောင်သည် သုံးစင်တီမီတာပတ်လည်ရှိသော သာမန်အေဖိုးပုံနှိပ်စက္ကူအစအနလေးကို အသုံးပြု၍ ယင်းကဲ့သို့ မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ခြင်း ဖြစ်သည်။



ဖားရုပ်ကလေး၏ ခုန်နိုင်သည့်အကွာအဝေးကို အမြင့်ဆုံးဖြစ်စေရန်အတွက် ချန်ဟောင်သည် ဖိလိုက်သည့်အခါ ကြီးမားသော ရုန်းကန်အားစွမ်းအင်ကို သိုလှောင်ပေးနိုင်မည့် ထူးခြားသော ဇက်ပုံသဏ္ဌာန် အလွှာလိုက်ခေါက်နည်းကို ငါးလကြာ တီထွင်ဖန်တီးခဲ့ရကြောင်း သိရသည်။

Mon



## (၁၀)ကြိမ်မြောက် ကမ္ဘာ့တက္ကသိုလ်ကျောင်းသားများ ဝေချီပြိုင်ပွဲ၌ ကွမ်ရီးတိုင်းရင်းသားလူမျိုးများတက္ကသိုလ်မှ ဝမ်ကျိဟွာပိုလ်စွဲ

**ပေကျင်း ဇူလိုင် ၁၈**

နိုင်ငံတကာ ဂိုကစားနည်းပြိုင်ပွဲတစ်ခုဖြစ်သည့် (၁၀) ကြိမ်မြောက် နှစ်ပတ်လည် ကမ္ဘာ့တက္ကသိုလ်ကျောင်းသားများ ဝေချီဖိုလ်လုပွဲကို နိုင်ငံနှင့် ဒေသပေါင်း ၃၇ ခုရှိ တက္ကသိုလ်ပေါင်း ၁၀၁ ခုမှ ကစားသမား ၁၅၀ ဦး စုစည်းကာ တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ဖူတန်တက္ကသိုလ် ဟန်ဒန်နယ်မြေတွင် ယမန်နေ့က ကျင်းပပြီးစီးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သော ဤပြိုင်ပွဲကို ယခင်က တိုရွန်တို၊ ဘန်ကောက်၊ ဆစ်ဒနီနှင့် စင်ကာပူ အပါအဝင် မြို့ကြီးများရှိ တက္ကသိုလ်များတွင် ကျင်းပခဲ့သည်။ ယခုနှစ်သည် အဆိုပါချန်ပီယံရှစ်ပြိုင်ပွဲကို တရုတ်ပြည်မကြီးတွင် ပထမဆုံးအကြိမ် ကျင်းပခြင်း ဖြစ်သည်။

လေးရက်ကြာ ယှဉ်ပြိုင်ခဲ့ကြပြီးနောက် ကွမ်ရီးတိုင်းရင်းသားလူမျိုးများတက္ကသိုလ်မှ ဝမ်ကျိဟွာက အမျိုးသားချန်ပီယံအုပ်စုဆုကို ဆွတ်ခူးခဲ့ပြီး တောင်ကိုရီးယားနိုင်ငံမှ ကွမ်ဂါယန်းက အမျိုးသမီးချန်ပီယံအုပ်စုဆုကို ရရှိခဲ့ကြောင်း သိရသည်။

Mon



## အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း၊ ရုတ်တရက်ရေကြီးမှုများဖြစ်ပွား

**ဝါရှင်တန် ဇူလိုင် ၁၈**

ယခင်သီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အလယ်ပိုင်း၌ သည်းထန်စွာရွာသွန်းသော မိုးရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး ၂၃၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမည်ဖော်ပြမထားသည့် သေဆုံးသူတစ်ဦးမှာ ဆန်အန်တိုနီယိုမြို့၏ အနောက်တောင်ဘက် ၁၃၈ ကီလိုမီတာ (ခြောက်မိုင်) ခန့်အကွာရှိ ယူဗားလ်ဒီမြို့အနီးတွင် ရေစီးနှင့်အတူ မျောပါသွားခဲ့ပြီး အခြားသေဆုံးသူတစ်ဦးဖြစ်သည့် တက္ကဆက်ပြည်နယ် ကာဗီးလ်မြို့မှ ဂျွန်မာ့ခ်စတီးဝပ်မှာမူ အနီးနားရှိ ဂွတ်ခရီးက်ချောင်းမှ လျှံကျလာသော ရေကြီးမှုများအတွင်း ရွှေ့လျားအိမ်မျောပါသွားပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်မည်ဟု ယူဆရသည်။

အဆိုပါ သည်းထန်သော မိုးရွာသွန်းမှုသည် အင်္ဂါနေ့တွင် စတင်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းများသည် ဘစ်ဘန်းဒ် အမျိုးသားဥယျာဉ်အပါအဝင် ပြည်နယ်၏ အနောက်ဘက်ပိုင်းဒေသများကို ဆက်လက်သက်ရောက်မှုရှိနေကြောင်း သိရသည်။

Mon

## ခရီးသွားဗီဇာကင်းလွတ်ခွင့်သက်တမ်း ထိုင်းထက်ဝက်လျှော့ချ အိန္ဒိယခရီးသွားများအတွက် အထူးအခွင့်အရေးသစ်များပေးထား

**ဘန်ကောက် ဇူလိုင် ၁၈**

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် ခရီးသွားဗီဇာကင်းလွတ်ခွင့်သက်တမ်းကို ထက်ဝက်လျှော့ချလိုက်ပြီး နိုင်ငံအများအပြားကို အဆိုပါအစီအစဉ်မှ ပယ်ဖျက်ခဲ့ကာ အရေးအတွက်ထိုးဆင်းသွားသည့် အိန္ဒိယခရီးသွားများအပါအဝင် အခြားသောနိုင်ငံသားများအတွက်မူ အထူးအခွင့်အရေးအသစ်များကို ယမန်နေ့က အတည်ပြုပေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစီအစဉ်သစ်အရ ဗီဇာကင်းလွတ်ခွင့်သက်တမ်းကို နိုင်ငံပေါင်း ၅၉ နိုင်ငံမှ လာရောက်လည်ပတ်သူများအတွက်သာ သက်ရောက်စေမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ ကြာမြင့်မည် ဖြစ်သည်။

ဤအပြောင်းအလဲသည် ဘူဂေးရီးယား၊ ခရိုအေးရှား၊ ဆိုက်ပရပ်စ်၊ အိန္ဒိယ၊ မော်လ်တာနှင့် မော်လ်ဒိုက် စသည့် ၆ နိုင်ငံအတွက် ဗီဇာအခွင့်အရေးများကို တိုးမြှင့်ပေးမည်ဖြစ်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံစလုံးကိုလည်း တန်းတူဗီဇာအခွင့်အရေးများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။


Mon



## ကမ္ဘာနှင့်တူသော ကျောက်ဆောင်ဂြိုဟ်ကို ဝန်းရံထားသည့် ပထမဆုံးသော လေထုကို သုတေသီများ ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် ဇူလိုင် ၁၈**

ဝေးလံသောကြယ်တစ်စင်း၏ သက်ရှိများရှင်သန်နိုင်သောဇုန်အတွင်း လှည့်ပတ်နေပြီး ကမ္ဘာနှင့်တူသော ကျောက်ဆောင်ဂြိုဟ်ကို ဝန်းရံထားသည့် ပထမဆုံးသော လေထုကို သုတေသီများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။



အဆိုပါရှာဖွေတွေ့ရှိမှုသည် နေအဖွဲ့အစည်းပြင်ပတွင် ကမ္ဘာနှင့် အလားတူသောအခြေအနေများရှိသည့် ကမ္ဘာလောကများ တည်ရှိနိုင်ကြောင်း အခိုင်မာဆုံးသော သက်သေအထောက်အထားကို ပေးစွမ်းနိုင်ခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

လေထုအတွင်း စမ်းသပ်တွေ့ရှိရသော ဓာတ်ငွေ့မှာ ဟီလီယမ်ဓာတ်ငွေ့ဖြစ်ပြီး ၎င်းသည် သက်ရှိများကို ထောက်ပံ့ပေးနိုင်မည် မဟုတ်သော်လည်း အခြားသောဓာတ်ငွေ့များလည်း ရှိနေနိုင်သေးသည်။

ယခုရှာဖွေတွေ့ရှိမှုကို ကြီးမားသော ကိစ္စရပ်တစ်ခုအဖြစ် ဟားဗတ်တက္ကသိုလ်မှ ဦးဆောင်သုတေသီဒေါက်တာ ကိုလင်ချီရှုဗင်က ဖော်ပြခဲ့ပြီး ထိုဂြိုဟ်သည် ကမ္ဘာမြေမှ အလင်းနှစ် ၄၈ နှစ်အကွာတွင် တည်ရှိကာ နေထက်များစွာသေးငယ်ပြီး ပိုမိုအေးမြသော ကြယ်နီတစ်စင်းကို လှည့်ပတ်နေကြောင်း သိရသည်။

Mon

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးပြည်သူ့ဆေးရုံကြီး(ကန်တော်နဒီ)ကင်ဆာရောဂါ အထူးကုဌာနဝင်းအတွင်း ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှု





**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး (ကန်တော်နဒီ)ကင်ဆာရောဂါအထူးကုဌာနဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့်တာဝန်ရှိသူများက ကင်ဆာရောဂါအထူးကုဌာနတွင် အတွင်းလူနာပြင်ပလူနာများအား လက်ခံ၍ ဆေးဝါးကုသပေးနေမှုနှင့် ဆေးရုံနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆေးရုံအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများ စိတ်ချမ်းမြေ့စေရေး၊ ဆေးရုံပရဝဏ်အတွင်း၊ အပြင် အစဉ်အမြဲ သန့်ရှင်းသပ်ရပ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရေးတို့ကို တာဝန်ရှိသူများအား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းမှ နုန်းစာများဆယ်ယူခြင်းအား စုပေါင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# ပြင်ဦးလွင်မြို့တွင် MSME လုပ်ငန်းများ အောင်မြင်စေရေး MSME လုပ်ငန်းရှင်များအား အထောက်အကူပြုသည့် Toolkits for MSMEs သင်တန်းဖွင့်လှစ်



**မန္တလေး ဇူလိုင် ၁၈**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ MSMEs လုပ်ငန်းများအတွက် လုပ်ငန်းအောင်မြင်စေရေးနှင့် လုပ်ငန်း၏ အားသာချက်၊ အားနည်းချက်များကိုသိရှိပြီး စီမံဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ MSME လုပ်ငန်းများအတွက် အောင်မြင်စေရေး လမ်းညွှန် Toolkits for MSMEs သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်က အဖွင့်အမှာစကားပြောကြားရာတွင် Toolkits for MSMEs သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လွယ်ကူထိရောက်စွာ စတင်လည်ပတ်နိုင်ပြီး တိုးတက်ဖွံ့ဖြိုးအောင်မြင်အောင်လုပ်ဆောင်နိုင်ရန် အထောက်အကူပြုသည့် လက်တွေ့အသုံးချရမည့် လမ်းညွှန်ချက်များ၊ လုပ်ငန်းအစီအစဉ်ရေးဆွဲနည်းလမ်းညွှန်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပုံစံများ၊ ငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ စနစ်တကျအသုံးပြုနိုင်သည့် ဆော့ဝဲများနှင့် ဈေးကွက်ရှာဖွေရေးလမ်းညွှန်များ၊ ဖောက်သည်နှင့်ဆက်ဆံရေးမြှင့်တင်ရေးစသည့် အချက်အလက်များစွာကို ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့်ဝန်ဆောင်မှုပါ အခြားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး MSME လုပ်ငန်းရှင်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်းနှင့်သင်တန်းမှာ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၄)**

**အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့ အမှိုက်လျှော့ချ ကြပါစို့။**



# မိဘဆရာအသင်း ဖွဲ့စည်းတာဝန်ပေးအပ်

**ပုသိမ်ကြီး ဇူလိုင် ၁၈**

မိဘဆရာအသင်း အမှုဆောင်အဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေ သစ္စာရေတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မိဘဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဒေါ်ဆွေစုလှိုင် ပါဝင်သော ကျောင်းသားမိဘများ၊ ဆရာ၊ ဆရာမများ၊ ရပ်မိ၊ ရပ်ဖများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၄၀)

## သဘာဝဘေးလျော့ပါးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**သရက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၌ သဘာဝဘေးလျော့ပါးရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်း အသိပညာပေးဟောပြောပွဲကို အခြေခံပညာမူလတန်းကျောင်း(ရွှေဘုံသာကျောင်း)ရှိ ကျောင်းသား၊ ကျောင်းသူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက စာသင်ဆောင်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြထွေးက ရေဘေး၊ လေပြင်းဘေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းက ပလတ်စတစ်သုံးစွဲမှု၏ဆိုးကျိုးများနှင့် ပလတ်စတစ်လျှော့ချရန် နည်းလမ်းကိုးမျိုး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောရာတွင် အဖြူရောင် ညစ်ညမ်းမှုဆိုသည်မှာ တစ်ခါသုံးကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်များသုံးစွဲမှုမှ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့အား ယိုယွင်းပျက်စီးစေမှုဖြစ်ပါကြောင်းနှင့် ပလတ်စတစ်၏ အခြေခံသဘာဝ သုံးမျိုးအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ "ပလတ်စတစ်သုံးစွဲခြင်းအကြောင်း" အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။(**အပေါ်ဝဲပုံ**)

**ဇော်ထက်(သရက်)**

## တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးပညာကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ် ဧကရာဇ်ခန်းမတွင် ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ဆေးပညာသင်ကြားရေးယူနစ်က ကြီးမှူးကျင်းပသော ဆေးပညာကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၂၀၂၆) ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက အမှာစကားပြောကြားပြီးနောက် အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ဂုဏ်ထူးဆောင်ပါမောက္ခများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ/ဌာနမှူးနှင့် တွဲဖက်ပါမောက္ခများ၊ ကထိက/ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သင်တန်းသား၊ သင်တန်းသူများအဖြစ် တိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူးများ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုမှ ဆေးရုံအုပ် ၃၀ ဦး တက်ရောက်ကြပြီး ပို့ချဆွေးနွေးသူ ဆရာ၊ ဆရာမကြီး ခုနစ်ဦး ဆေးပညာကျင့်ဝတ်ဆိုင်ရာနှင့်ပတ်သက်၍ ခေါင်းစဉ် ၁၀ ခုတို့ကို (၁၆-၇-၂၀၂၆) မှ (၁၇-၇-၂၀၂၆) ရက်အထိ ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**



## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း(မိုးထိ)၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့နယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုအရာခံဗိုလ်စိုးပိုင်က ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်၊ လမ်းအန္တရာယ်မဖြစ်ပွားစေရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်တတ်စေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အန္တရာယ်သတိပေးလမ်းညွှန်ချက်များ၊ တားမြစ်ခြင်း၊ ကန့်သတ်ခြင်းလမ်းညွှန်များ၊ အမိန့်ပေးလမ်းညွှန်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဦးစားပေးယာဉ်များ၊ မော်တော်ယာဉ် မောင်းနှင်သူနှင့် ယာဉ်နောက် လိုက်ပါစီးနင်းသူများလိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များအား အသိပညာပေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ပေါင်း ၂၅၀ ကျော်ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(မိဿနိုးမြေ)**



**ပန်းမန်သစ်ပင် လေသန့်စင်၍၊ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

## အခွန်ဆိုင်ရာအသိပညာတိုးတက်ရေး လှုံ့ဆော်ရေးလှုပ်ရှားမှု ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်ကျေပွန်စွာ ပေးဆောင်မှုတိုးတက်ရေး လှုံ့ဆော်ရေးလှုပ်ရှားမှုအစီအစဉ် (Tax Awareness Campaign)အရ အခွန်ဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းခိုင်ကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်မေစံပယ်ဖြူအောင်က အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်ကျေပွန်စွာ ပေးဆောင်မှု တိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်ဆိုင်ရာ သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးကျော်ဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများ အောင်မြေသာစံမြို့နယ် မြို့နယ်အုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူများ၊ အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ ဆရာမများနှင့် ကျောင်းသူ ၂၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



○ **စာမျက်နှာ ၂၄ မှ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံပေါ်တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်



**ဂန့်ဂေါ ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ မြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်က မြို့မဈေးအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရှိုင်းသူက သဘာဝဘေးအန္တရာယ်များ မကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြင်ဆွေက မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဈေးသူ၊ ဈေးသားများ မီးဘေးလုံခြုံရေးနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောကာ ရေဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ ပူးပေါင်း၍ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းများ ပြည့်စုံကောင်းမွန်မှုရှိ၊ မရှိစစ်ဆေးခြင်း၊ မီးသတ်ရေကန်များတွင် ရေအမြဲတမ်းအသင့်ရှိစေရေးနှင့် လျှပ်စစ်မီး၊ ဆိုလာမီးများ သုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မီးလန့်မှု၊ မီးလောင်မှုများနှင့်ပတ်သက်၍ လက်တွေ့မီးငြိမ်းသတ်နည်းများကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့်ဝန်ထမ်းများ၊ မြို့မဈေးကော်မတီဥက္ကဋ္ဌ ဦးအေးတင့်နှင့် အဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မောင်မျိုးမင်း(ပြန်/ဆက်)



## မြင်းခြံမြို့အမှတ်(၁၉)ရပ်ကွက်၌ ဆိုလာအင်ဗာတာ အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံး

**မြင်းခြံ ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၌ ဇူလိုင် ၁၅ ရက် နံနက် ၂ နာရီက ဆိုလာအင်ဗာတာ အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့ အမှတ်(၁၉)ရပ်ကွက် ကျောက်စိမ်းဆေးလိပ်ခုံအတွင်းရှိ လူနေအိမ်တွင် အသုံးပြုနေသည့် ဆိုလာအင်ဗာတာ အပူလွန်ကဲရာမှ မီးကူးစက်လောင်ကျွမ်းကာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာ နေရာသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်တို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ ပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုနှင့် ပတ်သက်၍ အိမ်ပိုင်ရှင်အား မြင်းခြံမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၆)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိ

**ကလေး ဇူလိုင် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် နံနက် ၅ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပင်လုံရပ်ကွက်နေ ဦးထက်အောင်နိုင်(ခ)ကိုထက်(၃၆)နှစ်ဆိုသူ၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းအား စိတ်ကြွဆေးပြား ၁၀ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(အပေါ်ပုံ)**

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၅ နာရီခွဲက ကလေးမြို့နယ်၊ အောင်မြေမာန်ရပ်ကွက်၊ နယ်မြေ(၄)နေ ဒေါ်နှင်းအိဖြူ(ခ)အိဖြူ(ခ)အငယ်မ(၃၄)နှစ်ဆိုသူ၏ နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နေ ဒေါ်မေသဇင်မိုး(ခ)ထူကြီး(၃၃)နှစ်၊ ကလေးမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ကိုရဲလင်း (၂၆)နှစ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်နေ ကိုစိုးမိုးနိုင်(၂၂)နှစ်ဆိုသူတို့ လေးဦးအား စိတ်ကြွဆေးပြား ၆ ဒသမ ၉ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ စမ်းမြို့ရပ်ကွက်၊ နယ်မြေ(၃)နေ ဦးခင်မောင်ဦး(ခ)ဖက်တီး(၃၆)နှစ်ဆိုသူအား စိတ်ကြွဆေးပြား ၉၉၉၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့၍ ဖမ်းဆီးမှုဖြစ်စဉ်တွင် တန်ဖိုးငွေကျပ် ၁ ဒသမ ၇၅ ဘီလီယံ တန်ဖိုးရှိ စုစုပေါင်းစိတ်ကြွဆေးပြား ခုနစ်သိန်း ဖမ်းဆီးရမိခဲ့သဖြင့် ထက်အောင်နိုင်(ခ)ကိုထက်၊ နှင်းအိဖြူ(ခ)အိဖြူ(ခ)အငယ်မ၊ မေသဇင်မိုး(ခ)ထူကြီး၊ ရဲလင်း၊ စိုးမိုးနိုင်နှင့် ခင်မောင်ဦး(ခ)ဖက်တီးဆိုသူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ၂၂ ဘီး ဆီဘောက်ဆာတွဲယာဉ် တိမ်းမှောက်

**ကလော ဇူလိုင် ၁၈**

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၌ ၂၂ ဘီး ဆီဘောက်ဆာတွဲယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့၍ အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ပေါပဲကျေးရွာအနီး ကလော - တောင်ကြီးသွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၈၇ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား သီခေါင်တောင်အဆင်းလမ်းအပေါ်ကွေ့၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အောင်ပန်းမြို့မှ ဟဲဟိုးမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးစိုးမင်းထွန်း(၄၁)နှစ် ဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက်အဖြစ် မရမ်းကုန်းမြို့နယ်နေ ကိုငြိမ်းမောင်မောင် (၂၀)နှစ် လိုက်ပါလာသည့် UD QUESTER TRACTOR HEAD ၂၂ ဘီး ဆီဘောက်ဆာတွဲယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်း မြေသားလမ်းပေါ်သို့ လဲကျတိမ်းမှောက်သွားခဲ့သဖြင့် ဦးစိုးမင်းထွန်းနှင့် ကိုငြိမ်းမောင်မောင်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် စိုးမင်းထွန်းဆိုသူအား ဟဲဟိုးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ကျိုက်ထို ဇူလိုင် ၁၈**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောကျေးရွာ၊ ရန်ကုန် - မော်လမြိုင်ကားလမ်း၊ မိုင်တိုင်အမှတ် ၄၉ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဘီးလင်းမြို့မှ ကျိုက်ထိုမြို့ဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွေးကျေးရွာနေ ဦးဝင်းလှိုင်(၃၂)နှစ်ဆိုသူ မောင်းနှင်ပြီး ထန်းတောကျွန်းကျေးရွာနေ မောင်ကျန်(၂၇)နှစ်ဆိုသူ လိုက်ပါလာသော HINO RANGER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့မှ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သစ်ဆိပ်ကုန်းကျေးရွာနေ ဦးကျော်စိုးမိုး(၅၇)နှစ်ဆိုသူ မောင်းနှင်ပြီး သမီးဖြစ်သူ မမြင့်မြတ်ကျော် (၂၀)နှစ်ဆိုသူ လိုက်ပါလာသည့် LUOJIA 110 မော်တော်ဆိုင်ကယ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်၏ယာဘက်ခြမ်း နောက်ပိုင်းဖြင့် တိုက်မိခဲ့၍ ဦးကျော်စိုးမိုးဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး မမြင့်မြတ်ကျော်ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ ဝင်းလှိုင်ဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)






## 2026 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၀ရက်တွင် စတင်မည်

**ဟမ်းဘတ် ဇူလိုင် ၁၈**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၀ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၀ရက်မှ ၂၇ရက်အထိ ရှစ်ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2026 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ပြင်သစ်တင်းနစ်မယ် Lois Boisson ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဆာလီဘာ ကျောဒဏ်ရာကြောင့် ငါးလခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၁၈**

ပြင်သစ်လက်ရွေးစင်အသင်းနှင့် အာဆင်နယ်အသင်း နောက်ခံကစားသမား ဆာလီဘာ ကျောဒဏ်ရာကြောင့် ငါးလခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလားပွဲစဉ်တွင် ပြင်သစ်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားပေးရင်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။



နောက်ခံကစားသမား ဆာလီဘာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပြင်သစ်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဆာလီဘာသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၂မှ ၂၀၂၆ခုနှစ်အတွင်း ၃၈ပွဲကစားပြီး ခြေစွမ်းပြထားသလို၊ ကလပ်အသင်းဖြစ်သည့် အာဆင်နယ်အသင်းနှင့်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲ ၅၀ကစားကာ တစ်ဂိုး သွင်းယူထားသည်။

(ဝဲပုံ) (NGB)

## နည်းပြ တူးဟယ်လ် အင်္ဂလန် လက်ရွေးစင်အသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဇူလိုင် ၁၈**



နည်းပြ တူးဟယ်လ်အား အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြရာထူးမှ ထုတ်ပယ်မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည် ဟု အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)က အတည်ပြုထုတ်ပြန်ခဲ့သည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိသော်လည်း နည်းပြ တူးဟယ်လ်အပေါ် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)က ဆက်လက်ထောက်ခံအားပေးထားဆဲဖြစ်သည်။

နည်းပြ တူးဟယ်လ်သည် အင်္ဂလန်လက်ရွေးစင်အသင်းကို ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၁ပွဲတွင် ၁၆ပွဲနိုင်၊ ၂ပွဲသရေ၊ ၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA) ထုတ်ပြန်ချက်တွင် "နည်းပြ တူးဟယ်လ်ကို မထုတ်ပယ်ပါဘူး။ အသင်းမှာ ဆက်ရှိသွားမှာပါ။ သူ အနေနဲ့လည်း အသင်းကို တိုးတက်အောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်" ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

(NGB)

## အဗ္ဗဒူလ်ဖာတာဝူကို ခေါ်ယူရန် အစ်ဆွစ်ချ်အသင်း စီစဉ်



**လန်ဒန် ဇူလိုင် ၁၈**

ပရီးမီးယားလိဂ်တန်းတက်ကလပ် အစ်ဆွစ်ချ်အသင်းသည် လက်စတာစီးတီးအသင်း တောင်ပံကစားသမား အဗ္ဗဒူလ်ဖာတာဝူကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၄ပွဲကစားပြီး ၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းကလည်း အဗ္ဗဒူလ်ဖာတာဝူအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အစ်ဆွစ်ချ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လက်စတာစီးတီးအသင်းထံမှ အဗ္ဗဒူလ်ဖာတာဝူကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## မီနီဂါဇို ဘိုလော့ဂ်နာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**တူရင် ဇူလိုင် ၁၈**

စီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းသည် အသင်းကွင်းလယ်ကစားသမား မီနီဂါဇိုကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသည့်အပြင်၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားခြင်းခံရသောကြောင့် ဘိုလော့ဂ်နာအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘိုလော့ဂ်နာအသင်းထုတ်ပြန်ချက်တွင် "မီနီဂါဇိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်လာမှာပါ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ထုတ်ပြန်သည်။ **(အပေါ်ဝဲပုံ)**

(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသည် ဝုဖ်အသင်း တိုက်စစ်မှူး အာရီဒါရီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဂရိကလပ် ပါနာသီနာကို့စ်အသင်းသည် လက်စတာစီးတီးအသင်း နောက်ခံကစားသမား ဗစ်တာခရစ္စတီယန်ဆန်ကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။ (NGB)

## ခရစ်ဂေါ်ဒွန် ဘောလုံးကစားသမားဘဝမှ အနားယူ



**လန်ဒန် ဇူလိုင် ၁၈**

စကော့တလန်လက်ရွေးစင်အသင်းနှင့် ဆဲလ်တစ်အသင်း ဂိုးသမားဟောင်း ခရစ်ဂေါ်ဒွန် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဆဲလ်တစ်၊ ဆန်းဒါးလန်း၊ Heart of Midlothian စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် စကော့တလန်လက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၄မှ ၂၀၂၆ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၈၄ပွဲကစားကာ လက်စွမ်းပြနိုင်ခဲ့သည်။

အသက်(၄၃)နှစ်အရွယ်ရှိ ခရစ်ဂေါ်ဒွန်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အပေါ်ဝဲပုံ) (NGB)

## ဇီကီစီလစ်ခ်ကို ဂျူဗင်တပ်အသင်း ခေါ်ယူ

**တူရင် ဇူလိုင် ၁၈**

ဂျူဗင်တပ်အသင်းသည် ရိုးမားအသင်းနောက်ခံကစားသမား



ဇီကီစီလစ်ခ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဇီကီစီလစ်ခ်သည် ရိုးမားအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၁ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် "ဇီကီစီလစ်ခ်ကို ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (ဝဲပုံ)

(NGB)

## ဆင်းန်ဂျန်ဆန် အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းနှင့် ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မက်ဒရစ် ဇူလိုင် ၁၈**

အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းသည် အသင်းတိုက်စစ်မှူး ဆင်းန်ဂျန်ဆန်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အက်သလက်တီကိုမက်ဒရစ် အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၇၆ ပွဲကစားကာ ၁၈ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အမျိုးသမီးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဆင်းန်ဂျန်ဆန်က "ကျွန်မ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ လာမည့် ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ၂၀၂၆ ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၀-၇-၂၀၂၆ နံနက်၀၁း၃၀နာရီ | စပိန် - အာဂျင်တီးနား | စပိန် ၆-၁ အာဂျင်တီးနား (၂၈-၃-၂၀၁၈ နိုင်ငံတကာခြေစမ်းပွဲ) |

# လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက အ·ထ·က အုန်းချောခန်းမဆောင်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် ပြပွဲများကို ကျင်းပခဲ့သည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာကြီး ဦးစန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ပိုင်ထွန်းက 'လူငယ်နှင့်အားကစား' ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက 'လူငယ်နှင့်စာရိတ္တ' ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြသည်။ ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးက အ·ထ·က အုန်းချောကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲကို ခင်းကျင်းပြသခဲ့ရာ တက်ရောက်လာကြသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**စာနည်ကိုကို**



# စိန်ဖူးတော်အသစ် တင်လှူပူဇော်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက် မြသရဖူကျောင်းတိုက်အတွင်းရှိ ရွှေသုဝဏ်စေတီတော်သည် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် စေတီတော်ကြီး၏ မဟာစိန်ဖူးတော် နှစ်ဆူ မြေခကြွေကျသွားခဲ့ရသဖြင့် စိန်ဖူးတော်အသစ်တင်လှူပူဇော်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၆ နာရီခွဲက အဆိုပါစေတီတော်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏဝရ (မရှိန်းလော့ဆရာတော်)၊ တောင်ကြီးမြို့ ရွှေသုဝဏ်ဆရာတော် ဒေါက်တာသုဝဏ္ဏ၊ ကျိုင်းတုံဆရာတော်နှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဗိုလ်မောင်မြင့်ကို အမှူးထား၍ အလှူရှင် Cosmos King ကုမ္ပဏီမှ ဦးဝေယံထွန်း+ဒေါ်ကေသွယ်ထွန်း မိသားစု၊ ဦးသိန်းထွန်း+ဒေါ်ခင်မေသစ်မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မရှိန်းလော့ဆရာတော်ထံမှ ငြိမ့်ပရိသတ် အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေသုဝဏ်ဆရာတော်နှင့် ဒေါက်တာဗိုလ်မောင်မြင့်၊ ဦးဝေယံထွန်းတို့က စေတီတော်အား မဟာစိန်ဖူးတော် တင်လှူကြပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏဝရ အမှူးပြုသော ဆရာတော်တို့က စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ကြသည်။

ထို့နောက် ရွှေသုဝဏ်ဆရာတော် ဒေါက်တာသုဝဏ္ဏထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၁)

# သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုလိပ်ကျေးရွာအုပ်စု၊ သရက်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုများကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ဦးစီးမှူး ဒေါ်အိသန္တာကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် သရက်ချောင်ကျေးရွာ၌ ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းများ ဆောင်ရွက်မှု ရှိ၊ မရှိများကိုလည်းကောင်း၊ လအလိုက်စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ၊ မရှိကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါ သရက်ချောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသူ အသင်းသူ၊ အသင်းသား ၆၃ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅၁ သိန်းကို ထုတ်ချေးပေးထားကြောင်းနှင့် ၄င်းချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများအား ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆက်ချစ်(ကျေးလက်)**

# အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ ကျောင်းကျန်းမာရေး ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှတ်(၁၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမင်း ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းကျန်းမာရေး ကွင်းဆင်း၍ ကျောင်းကျန်းမာရေးအကြောင်း ဟောပြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း၊ ဆေးလိပ်ဆေးရွက်ကြီးအကြောင်း၊ ကိုယ်လက်လှုပ်ရှားကျန်းမာရေး၊ ကျန်းမာပြည့်ဝအာဟာရနှင့် ကျန်းမာရေးနှင့်ညီညွတ်စေရန် မုန့်ဈေးတန်းများအား စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ) **အောင်ဇော်မင်း**

# နွေနှမ်း ၄၄၆၂ ဧက ရိတ်သိမ်းခဲ့ပြီး ၇၀၇၂၅၉ တင်းထွက်ရှိ

**ကျောက်ဆည် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်းစားသုံးဆီဖူလုံရေး ၂၀၂၅-၂၀၂၆ ခုနှစ် နွေနှမ်း ၄၅၅၆၅ ဧက စိုက်ပျိုးခဲ့ပြီး ယနေ့အချိန်၌ နွေနှမ်း ၄၄၆၂ ဧက ရိတ်သိမ်းခဲ့ပြီး ၇၀၇၂၅၉ ဧက ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နွေနှမ်းများ စိုက်ပျိုးရာ၌ ရေရရှိရေးနည်းလမ်းဖြင့် ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ၃၂၅၃ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ၁၃၀၀၂ ဧက၊ သစ်တက္ကူနှီးဆည်ရေသောက်စနစ်ဖြင့် ၄၀ ဧက၊ စုစုပေါင်း ၄၅၅၆၅ ဧက စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေနှမ်းစိုက်တောင်သူများသည် တစ်ဧကပန်းတိုင်အတွက် နှန်းရရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာအကူအညီများဖြင့် ဘောင်ကြီးတင်စနစ်သို့ ပြောင်းလဲစိုက်ပျိုးလာကြောင်း၊ ဘောင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးရာ၌ မျိုးစေ့သက်သာခြင်း၊ ပေါင်းမြက်ရှင်းလင်းရာ၌ လွယ်ကူခြင်း၊ ရေသွင်းရေထုတ် လွယ်ကူခြင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကပျမ်းမျှ ၁၆ ဒသမ ၅၀ တင်း ထွက်ရှိသည့်အတွက် ဝင်ငွေတိုးပွားကြောင်း စင်းကွန်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးကျော်မြင့်က ပြောသည်။ (၄၈၅)

# ပန်းတော်ပြင်ကျေးရွာတွင် စက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

**အထက်မင်းလှ ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ပန်းတော်ပြင် ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။



အဆိုပါ စက်ချုပ်သင်တန်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပန်းတော်ပြင်ကျေးရွာမှ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၅၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၂၉ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းမြတ်(အထက်မင်းလှ)**

# ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့မြို့တော် ဖော်ဆောင်မယ်ဆိုရင်

ခင်မြန်မာ

မြို့ပြစီမံကိန်း (Urban Planning) များ ရေးဆွဲကြရာတွင် မိမိတို့ ဖြစ်လိုတဲ့ မြို့တော်ကြီးများရဲ့ ပုံစံမျိုးအပေါ်မူတည်ပြီး Livable City, Green City, Resilient City, Smart City, Sustainable City စသဖြင့် ရည်မှန်းချက်ပန်းတိုင်များထားကာ စီမံကိန်းများ ရေးဆွဲနေကြပါတယ်။

နေချင့်စဖွယ်ကောင်းတဲ့မြို့တော်လို့အဓိပ္ပာယ်ရတဲ့ Livable City တစ်ခု ဖော်ဆောင်ရာတွင် Livable City ရဲ့ အင်္ဂါရပ်များကိုလည်း သိရှိဖို့လိုအပ်ပါတယ်။ Livable City တစ်ခုသည် ပြည်သူအများအသုံးပြုဖို့ မြေနေရာများရှိပြီး ပန်းခြံတွေ၊ လမ်းလျှောက်ရန်နေရာတွေ၊ စက်ဘီးစီးရန် နေရာတွေ လူအများ ဝယ်ယူရန်တတ်နိုင်စွမ်းရှိတဲ့ အိမ်ရာတွေ ပေါများစွာပါဝင်အောင် စနစ်တကျ ဒီဇိုင်းထုတ်ပြီး အကောင်အထည်ဖော်ရပါတယ်။ ဒီအရည်အသွေးများနဲ့ ရေရှည်လည်း တည်တံ့ခိုင်မြဲပြီး မိမိတို့နေထိုင်တဲ့ ပတ်ဝန်းကျင်ကလည်း နေထိုင်စရာ၊ အလုပ်လုပ်စရာ၊ စီးပွားရေးလုပ်ကိုင်စရာ၊ ယဉ်ကျေးမှုဆိုင်ရာတွေ ပြည့်စုံစွာဖန်တီးထားတဲ့ မြို့တော်ကြီးတစ်ခု ဖြစ်ပါတယ်။

GreenCity ဆိုတာကတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့နိုင်သမျှ လျှော့စေရေးအတွက် အမှိုက်ကို ဘယ်လိုလျှော့ချမလဲ။ ကာဗွန်ထုတ်လုပ်မှု ဘယ်လိုလျှော့ချမလဲ။ လူနေအိမ်များ တိုးတက်လာမှုနှင့်အတူ Open Space လို့ခေါ်တဲ့ ပြည်သူလူထု အနားယူနိုင်တဲ့နေရာတွေအတွက် ထည့်သွင်းစဉ်းစားသလို ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ရေရှည်ထိန်းသိမ်းထားနိုင်တဲ့ တိုးတက်မှုများကို အားပေးမှုတဲ့ မြို့တော်မျိုးကို ဆိုလိုပါတယ်။

Smart City ဆိုတာကတော့ သတင်းအချက်အလက်များအား ပြည်သူတွေထံမှ စုဆောင်းရယူခွဲခြမ်းစိတ်ဖြာ တိုင်းတာမှုတွေ ပြုလုပ်ခြင်းနဲ့ သယ်ယူပို့ဆောင်ရေးစနစ်အတွက် လိုအပ်တဲ့ ယာဉ်အသွားအလာတွေကို စီမံခန့်ခွဲကိုင်တွယ်ဖြေရှင်းတာ၊ စွမ်းအင်စက်ရုံများ၊ ရေပေးရေးကွန်ရက်များ၊ အမှိုက်စီမံခန့်ခွဲမှု၊ ဥပဒေကြောင်းအရ အရေးယူမှု၊ သတင်းအချက်အလက်ရယူမှုစနစ်၊ ဆေးရုံ၊ စာကြည့်တိုက် စတာတွေကို IT နည်းပညာအသုံးပြုပြီး သတင်းအချက်အလက်ရယူနိုင်တယ်။ အီလက်ထရွန်းနစ်ကိရိယာများနဲ့ ချိတ်ဆက်ပြီး သတင်းအချက်အလက် ရယူသွားနိုင်တဲ့ မြို့တော်မျိုးပဲ ဖြစ်ပါတယ်။ IT နည်းပညာကိုသုံးပြီး မြို့တော်ကြီးမှာ မြို့ပြဝန်ဆောင်မှုအားလုံးကို အရည်အသွေးမြှင့်တင်နိုင်မယ့် လုပ်ဆောင်ချက်တွေပြုလုပ်နိုင်ပြီး ငွေကုန်သက်သာအောင် လူ့စွမ်းအားအရင်းအမြစ် အသုံးပြုမှုတွေ လျှော့ချနိုင်မယ့် ဝန်ဆောင်မှုမျိုးပဲ ဖြစ်ပါတယ်။

Resilient City ဆိုတာကတော့ နောင်အနာဂတ်မှာ ကြုံတွေ့နိုင်တဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိတဲ့မြို့၊ စွမ်းအင်ရှားပါး ပြတ်လပ်မှုဒဏ်တွေကို ခံနိုင်ရည်ရှိတဲ့ မြို့တော်မျိုးကို ဆိုလိုပါတယ်။

Sustainable City ဆိုတာကတော့ လူမှုရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်တို့ရဲ့ အကျိုးသက်ရောက်မှုတွေကို ခံနိုင်ရည်ရှိတဲ့ မြို့တော်မျိုးကိုခေါ်ပါတယ်။

မြို့တော်တွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အမျိုးမျိုး ရည်မှန်းချက်ပန်းတိုင်တွေချပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြတယ်။ ကျွန်မတို့တိုင်းပြည်မှာ ကိုယ့်ရဲ့မြို့တော်ကို ဘယ်လိုနည်းဗျူဟာတွေချပြီး ဆောင်ရွက်ရမလဲဆိုတာကို ကျွန်မ ထိုင်ပေမြို့ကို Urban Study Tour လေ့လာရေး ခရီးသွားရောက်ပြီးတဲ့အချိန်မှာ ပိုပြီး ရှင်းရှင်းလင်းလင်း သိရှိလာရပါတယ်။ မြို့တော်တွေကို တိုးတက်အောင် ဖော်ဆောင်ရာမှာ သူများနိုင်ငံတွေက ဖော်ဆောင်နေတဲ့ အမည်နာမမျိုးတွေ တပ်ပြီး အကောင်အထည်ဖော်ကြတာထက် ကိုယ့်မြို့တော်တွေအတွက် ဒေသရဲ့ လိုအပ်ချက် Local Context တွေကဘာတွေလဲဆိုတာ သိရှိဖို့အရေးကြီးဆုံးပါပဲ။ Livable City, Smart City, Green City, Sustainable City အမျိုးမျိုးအမည်နာမတပ်ခေါ်နေကြပေမယ့် အဘက်ဘက်က ပြီးပြည့်စုံအောင် ဆောင်ရွက်သည့် မြို့တော်မဟုတ်ရင် Developed City လို့ခေါ်နိုင်ကြမှာမဟုတ်ပါဘူး။

ထိုင်ပေမြို့တော်ကို ကျွန်မရောက်ရှိလေ့လာခဲ့ရတဲ့အချိန်မှာ သူတို့ရဲ့မြို့တော်ကြီးကို Studio Based Learning, Social Analysis of space, Learning by doing, Recovery Planning, Campus Planning, Urbanization အစရှိတဲ့ နည်းလမ်းတွေကို အသုံးပြုပြီး အစိုးရကကြိုးစားဆောင်ရွက်ပေးခဲ့တာ တွေ့ရှိရပါတယ်။ စတူဒီယိုအခြေပြုပြီး လေ့လာခြင်း၊ မြေကွက်လပ်တွေနဲ့ပတ်သက်ပြီး လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းခွဲခြမ်းစိတ်ဖြာမှုတွေပြုလုပ်ခြင်း၊ လုပ်ရင်းကိုင်ရင်းလေ့လာသင်ယူမှုတွေပြုလုပ်ခြင်း၊ နေရာဟောင်းတွေကို ပြန်လည်ဖော်ထုတ်တဲ့စီမံကိန်းချမှတ်ဆောင်ရွက်ခြင်း၊ တက္ကသိုလ်များမှလေ့လာသင်ယူခြင်း၊ မြို့ပြပုံစံဖော်ထုတ်ရယူခြင်းများလို့ မြန်မာလိုတာသာပြန်ယူရလို့ ရပါတယ်။ ပြည်သူ့အခြေပြုဆွေးနွေးတိုင်ပင်မှုတွေပြုလုပ်ပြီး ပြည်သူတွေရဲ့ အမှန်တကယ်လိုအပ်ချက်တွေကို ရှာဖွေဖော်ထုတ်ခဲ့ကြတယ်လို့ သိရှိခဲ့ရပါတယ်။

ဆင်းရဲတဲ့လူက အရမ်းဆင်းရဲပြီး ချမ်းသာတဲ့လူက အရမ်းချမ်းသာကြတော့ လူမှုအဆင့်အတန်းကွာဟချက် သိပ်များတာကို တွေ့ရှိရပါတယ်။ ပြည်သူ့အခြေပြုဆုံးဖြတ်ချက် ချမှတ်နည်းမှာတော့ ပြည်သူတွေရဲ့ စီမံခန့်ခွဲရေးလမ်းစဉ်နဲ့ ဗဟိုချုပ်ကိုင်မှုကို ပေါင်းစပ်တယ်။ ချမ်းသာပြီး ခံစားခွင့်တွေရရှိနေတဲ့ လူတန်းစားနဲ့ အခွင့်အရေးမရရှိတဲ့ လူတန်းစားတွေကို အလျှားလိုက် ပြန်လည်ချိန်ညှိယူတဲ့နည်း နည်းလမ်းနှစ်မျိုးနဲ့ Cultural Democracy လို့ခေါ်တဲ့ ဒီဇိုင်းရေးဆွဲဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါကိုတော့ ဒီမိုကရက်တစ်ဒီဇိုင်းလို့ခေါ်ကြောင်း လေ့လာခဲ့ရပြီး ဒီမိုကရက်တစ်ဒီဇိုင်းကိုရောက်ရှိဖို့အတွက်နဲ့ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ ပူးပေါင်းအကောင်အထည်ဖော်ခြင်း (Cross- disciplinary collaboration) အတွက် Professional Generalist လို့ခေါ်တဲ့ ဘာသာရပ်ပေါင်းစုံအား အထွေထွေသိရှိ နားလည်တဲ့သူတွေကို မွေးထုတ်ဆောင်ရွက်ခဲ့တဲ့အတွက် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

အစိုးရအဖွဲ့အစည်းကနေ အပေါ်ကဆုံးဖြတ်ချက် (Top-down) ပေးပြီး ဆောင်ရွက်တဲ့နေရာမှာ ပြည်သူက သူတို့ရဲ့လိုအပ်ချက်တွေကို(Bottomup)အဆိုပြုတင်ပြလာတာတွေကို တောင်းခံပြီးမှ ဆောင်ရွက်ခဲ့ကြတာတွေရှိကြပါတယ်။ မြန်မာနိုင်ငံမှာလည်း Community level evaluation လို့ခေါ်တဲ့ ရပ်ကွက်အဆင့် လူ့အဖွဲ့အစည်းအတွင်းကစပြီး အဆင့်လိုက် ချင့်ချိန်သုံးသပ်တင်ပြတဲ့နည်းတွေကို အသုံးပြုသင့်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဘာလို့လဲဆိုတော့ ထိုင်ဝမ်ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံဟာ မြန်မာလူမျိုးတွေနဲ့မကွာလို့ပါဘဲ။ ဖွံ့ဖြိုးတိုးတက်မှုပမာဏမြင့်မားပေမယ့် ကြာရှည်ထိန်းထားနိုင်ဖို့က အလွန်ခဲယဉ်းပါတယ်။ အစိုးရအနေနဲ့ တတ်ကျွမ်းနားလည်တဲ့လူတွေကို မေးမြန်းရရှိတဲ့အဖြေဖြစ်တဲ့ Qualitative Evaluation ကိုအခြေခံလုပ်တယ်။ ဘက်လိုက်ပြီး ကိုယ်လိုရာ ဆွဲပြီးပြောတာတွေပါလာနိုင်တယ်။ လူတန်းစားမရွေးမေးမြန်းတဲ့ Qualitative Evaluation ဆိုတာကတော့ လူတန်းစားမရွေး မေးမြန်းတာဆိုတော့ အဖြေအမျိုးမျိုးရရှိလာနိုင်တယ်။ တကယ်တော့ Qualitative evaluation နဲ့ နှစ်မျိုးလုံးကို ချိန်ထိုးပြီးမှ ခွဲခြမ်းစိတ်ဖြာမယ်ဆိုရင်တော့ အဖြေမှန်နဲ့ပိုနီးစပ်မှာဖြစ်ပါတယ်။

အစိုးရအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပြင် (Perspective of Ecological Environment) ပူးပေါင်းပါဝင်ရေးဆွဲကြတဲ့ စီမံကိန်းနဲ့ဒီဇိုင်းများ (Participatory Planning and Design) ရပ်ကွက်အတွင်း လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်မှုများကို ထည့်သွင်းစဉ်းစားကြပြီး ရပ်ကွက်အတွင်း စုရပ်၊ ရပ်ကွက်အသင်းတိုက်၊ (Community Center) များ စီစဉ်ဆောင်ရွက်ပေးတာကို တွေ့ရှိရပါတယ်။ ဒီလို Community Center တွေကို ဖန်တီးပေးလိုက်ခြင်းအားဖြင့် ရပ်ကွက်ထဲနေတဲ့ လူတွေရဲ့ ဘဝအရည်အသွေးကောင်းကောင်းဖန်တီးပေးနိုင်တယ်။ တစ်ဦးနဲ့တစ်ဦး ဆက်ဆံရေးတွေက နွေးထွေးကောင်းမွန်လာတာကို တွေ့ရှိရပါတယ်။ ထိုင်ဝမ်အစိုးရအနေနဲ့ ဒေသခံ ပြည်သူတွေအတွက် နေထိုင်ရမယ့်ဧရိယာတွေ ဖန်တီးပေးတယ်။ ဒီဧရိယာစက်ဝန်းအတွင်းမှာပဲ မူလတန်း၊ အထက်တန်းကျောင်းတွေ ဖန်တီးပေးတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးတယ်။ လူတွေရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ရေ၊ မီး၊ လမ်း၊ ကျန်းမာရေး စတာတွေကိုပါ တစ်ပါတည်း ဖန်တီးပေးတဲ့အတွက် တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အလွန်အထောက်အကူပြုတာကို တွေ့ရပါတယ်။ ဒီလိုမြို့ပြစီမံကိန်းအသစ်တွေမှာလည်း စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ အိမ်ခြံမြေ အရောင်းအဝယ်သမားတွေရဲ့ ဈေးကစားမှုတွေလည်း တွေ့ကြုံခဲ့ကြရပါတယ်။ မြန်မာနိုင်ငံမှာလည်း အိမ်ခြံမြေဈေးကစားတဲ့ ပြဿနာက အလွန်ကြီးထွားတာ လူတိုင်းသိကြပါတယ်။ အရည်အသွေးပြည့်မီတဲ့ ပြောင်းလဲမှုဆိုတာက တကယ်တော့ အလွန်ခက်ခဲလှပါတယ်။ လူတွေရဲ့ ဦးနှောက်ကိုပြောင်းလဲတယ်ဆိုတာ တကယ်တော့လူတွေရဲ့အကျင့်စရိုက်ကို ပြောင်းလဲရတာဖြစ်တဲ့အတွက် ပြောင်းလဲရန် အလွန်ခက်ခဲလှကြောင်း တွေ့ရပါတယ်။

ပြောင်းလဲမှုတွေမှာ အချိန်ယူခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။ ဒါကြောင့် ဘယ်ဟာကိုမှ စံနမူနာယူပြီး ကူးယူအကောင်အထည်ဖော်တာမျိုးမလုပ်သင့်ကြောင်း ထိုင်ဝမ်ရဲ့အတွေ့အကြုံမှ သိရှိခဲ့ရပါတယ်။ တိုင်းပြည်တိုင်းမှာ ကွဲပြားခြားနားတဲ့ စံတွေ ညွှန်းကိန်းတွေရှိနေကြလို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီတာကို တွေ့ရပါတယ်။ ထိုင်ဝမ်မှာ စွမ်းအင်ကိုလျှော့သုံးပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်သမျှ လျှော့နိုင်ရေး စွန့်ပစ်ပစ္စည်းများလျှော့ချနိုင်ရေးတွေကို ရည်ရွယ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော သက်သောင့်သက်သာ နေထိုင်ကောင်းလှတဲ့ အဆောက်အအုံတွေ ပေါ်ထွက်လာရေးအတွက် Green Building Criteria စိမ်းလန်းသောအဆောက်အအုံ စံတွေသတ်မှတ်ပြီး ဒီစံနှုန်းနဲ့လုပ်ပြနိုင်တဲ့ နိုင်ငံတွေရဲ့ အဆောက်အအုံကို ရွှေတံဆိပ်ဆုပေးတာမျိုး လုပ်ခဲ့တာတွေ တွေ့ခဲ့ပါတယ်။

တကယ်တော့ Green Building Standard ဆိုတာတွေက ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်နိုင်ငံ၊ ထိုင်ဝမ်က ဥရောပနိုင်ငံတို့မှ စံနှုန်းတွေသတ်မှတ်ပြီး စတင်ရေးဆွဲကျင့်သုံးခဲ့ရတာပါ။ ထိုင်ဝမ်က နောက်ကျမှ လုပ်တယ်ဆိုပေမယ့် ရာသီဥတုသဘာဝအခြေအနေတွေက သူတို့လို နိုင်ငံတွေနဲ့ မတူတဲ့အတွက် လက်တွေ့မှာ ကိုယ်နဲ့ကိုက်ညီအောင် ပြုလုပ်ခဲ့ရကြောင်း တွေ့ရှိခဲ့ရပါတယ်။ ကြာရှည်ထိန်းသိမ်းနိုင်တဲ့နိုင်ငံ၊ မြို့တော်ကြီး (Sustainable City) ဖြစ်ဖို့က စီမံကိန်းတွေ အကောင်အထည်မဖော်ခင် ရပ်ကွက်များကို ကွင်းဆင်းပြီး ဒေသခံလူ့အဖွဲ့အစည်းများ Community ကို သွားတွေ့ကြတယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေအထိသွားပြီး Green Building ဆိုတာဘာလဲ သွားရှင်းပြကြတာလုပ်ခဲ့ပါတယ်။ အစိုးရအနေနဲ့ ယေဘုယျအားဖြင့် ပြည်သူနဲ့ အကျိုးတွေရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အစိုးရသာမက အပေးအယူမျှတဲ့ ပုဂ္ဂလိက အခန်းကဏ္ဍကပါ ပူးပေါင်းပိုမိုလုပ်ဆောင်လာတာကို တွေ့ရှိခဲ့ရပါတယ်။ Green Building Code ကို လက်တွေ့ပြဋ္ဌာန်း အသုံးပြုနိုင်ခြင်းကြောင့် စွမ်းအင်သုံးစွဲမှုမှာ ၂၀ ရာခိုင်နှုန်း ချွေတာနိုင်ခဲ့ပြီး ရေသုံးစွဲမှုမှာ ၃၀ ရာခိုင်နှုန်း ချွေတာနိုင်ခဲ့တယ်လို့ သိရှိခဲ့ရပါတယ်။ မြေအောက်ရေသိုလှောင် သုံးစွဲမှုတွေကိုလည်း မြှင့်တင်ပေးနိုင်ခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ အဲ့ဒါတွေအပြင် ရေလွှမ်းမှုခံရနိုင်တဲ့ ဧရိယာတွေ၊ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်တဲ့ဧရိယာတွေကိုလည်း တားမြစ်နိုင်ခဲ့မှု ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာခဲ့ရပါတယ်။ မြေအောက်ရေထုတ်ယူသုံးစွဲမှု မြစ်ချောင်းများမှာလည်း ဥပဒေ၊ နည်းဥပဒေတွေ ထုတ်ထားကြတယ်လို့ သိရှိရပါတယ်။ အကျင့်သိက္ခာမှ တည်ကြည်မှုသို့ ကတိပေးပြီးသောအလုပ်မှ အရည်အသွေးသို့ ဦးတည်ဆောင်ရွက်ကြတာလို့ သိရှိခဲ့ရပါတယ်။

လူတွေရဲ့အကျင့် အသိပညာများဟာ အင်ဂျင်နီယာအတတ်ပညာ (Engineering Solution) နဲ့ဖြေရှင်းပေးလို့ မရသလိုတဲ့ နည်းပညာပိုင်းဆိုင်ရာတွေ အသုံးချပြီး Non Engineering Solution ဖြင့် ပြုပြင်ပြောင်းလဲမှုတွေနဲ့တော့ ဖြေရှင်းပေးလို့ရတဲ့ အကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။

အနှစ်ချုပ်ရရင်တော့ ကိုယ်လိုချင်တာ ဘာလဲသိဖို့နဲ့ ပြောင်းလဲဖို့ ကြိုးစားကြရာတွင် အချိန်တစ်ခုလိုကြောင်း ဘယ်လိုပြောင်းလဲကြမလဲဆိုတဲ့ နည်းပညာ(Methodology) လိုအပ်ကြောင်း၊ ကိုယ့်ရေမြေဒေသနဲ့ ကိုက်ညီမယ့်လမ်းကြောင်းကိုသာ လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်ဖို့လိုကြောင်း လေ့လာခဲ့သမျှ မျှဝေအပ်ပါတယ်။ **(ဆက်လက်ဖော်ပြပါမည်)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် (၁၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL) ကြက်ခြေနီအသင်းမှ ကြီးမှူး၍ (၁၉)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အဆိုပါ တက္ကသိုလ် သီရိရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းပပမျိုး၊ ပါမောက္ခ(ဌာနမှူး)များ၊ ဌာနမှူးများ၊ စီမံအရာရှိများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သွေးလှူရှင်အသင်းဥက္ကဋ္ဌ တရုတ်ဘာသာဌာနမှ ပါမောက္ခ ဒေါက်တာမောင်မောင်စိုးနှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဘာသာစကားဌာနအသီးသီးမှ သွေးလှူရှင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။



စုပေါင်းသွေးလှူဒါန်းပွဲတွင် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန့်ဇင်ထွန်း၊ အမျိုးသားသွေးလှူဘဏ်ဌာန၊ ကထိက(ရောဂါဗေဒ) အထူးကုဆရာဝန်ကြီး ဒေါက်တာစုလှိုင်ဦး ဦးဆောင်သောအဖွဲ့က သွေးလှူရှင်များအား သွေးမလှူဒါန်းခင် ကျန်းမာရေးစစ်ဆေးခြင်းများ၊ သွေးလှူဒါန်းခြင်းများကို ဆောင်ရွက်ပေးခဲ့ကြပြီး ဇီဝဓါနသာသနာ့အထူးကုဆေးရုံကြီးမှ ဒေါက်တာရန်နိုင်မိုးနှင့် သူနာပြုအုပ် ဒေါ်ခင်မာနွယ်တို့က အားဖြည့်ကူညီခဲ့ကြသည်။

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်နှင့်အဖွဲ့သည် စုပေါင်းသွေးလှူဒါန်းနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများကို ပေးအပ်ခဲ့ကြောင်း၊ ပါမောက္ခချုပ်က လှူဒါန်းရရှိသော သွေးအိတ် (၁၄၄)အိတ်ကို မန္တလေးပြည်သူ့ဆေးရုံကြီး ဒုတိယဆေးရုံအုပ်ကြီးနှင့် အမျိုးသားသွေးလှူဘဏ်ဌာနမှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်းနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် သွေးလှူရှင်အသင်းမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၄)**

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (၃၉)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ယမန်နေ့ နံနက် ၁၀ နာရီက ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များအား အခမဲ့ ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ပေးရာတွင် ယင်းရွှေ့လျားစာကြည့်တိုက်ယာဉ်ရှိ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ လှယ်လဲပေးသွားမည်ဖြစ်ပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ငှားရမ်းဆောင်ရွက်ပေးခဲ့သည်။

ယင်းစာအုပ်၊ စာစောင်များကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**ဇင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းလျာထားမှုများ တွေ့ဆုံဆွေးနွေး

**ချောက် ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းလျာထားဆောင်ရွက်မည့်အခြေအနေများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်အထိ မိမိဦးစီးဌာနမှ ကျေးလက်ရေပေးရေးလုပ်ငန်း၊ ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း၊ ကျေးလက် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ စံပြကျေးရွာဖော်ဆောင်ရေးစီမံကိန်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းအစရှိသည့် စီမံကိန်းလုပ်ငန်းလျာထားရွေးချယ်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများကလည်း ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ကျော်မိုး(ပြန်/ဆက်)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အာဇာနည်

* ဂုဏ်ရည်မြင့်မား
စိတ်ထားတည်ကြည်
သွင်သည် ခြသေ့်
စွေ့စွေ့နီသွေး
အရေးအရာ
ဆင်ခြင်ကာကွယ်
ဘယ်အန္တရာယ်
ဘယ်ရန်စွယ်မျှ
မရွံ့မကြောက်
ဒူးမထောက်ဘဲ
စိတ်ဓာတ်တည်ကြည်
ရည်သွေးမီသည် အာဇာနည် ။

* အများအကျိုး
ရွက်သယ်ပိုးလျက်
ရှေ့တိုးမတွန့်
နောက်မရွံ့ဘဲ
သက်စွန့်ရစေ
ဆောင်ရွက်ပေးသည်
တုနှိုင်းမမီ အာဇာနည် ။

* တိုင်းဖျက်ပြည်ရှာ
ကျူးကျော်လာက
ဗိုလ်ပါစည်းအုပ်
ရင်ကတုတ်ခံ
သူတုံ့ပြန်သည်
မျိုးချစ်စံမီ အာဇာနည် ။

* အမျိုးဘာသာ
သာသနာနှင့်
ပြည်ရွာအကျိုး
တိုးမည်မှန်းလျက်
အသက်ကိုပင်
ဖက်ရွက်ထင်သည်
လိုလျှင်စည်းရိုး
ကိုယ့်အရိုးဖြင့်
ထိုး၍ ရံတား
ကာကွယ်ထားမည်
စွန့်စားစံမီ အာဇာနည် ။ ။

မလ

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-ရ)၊ ဦးပိုင်နံပါတ်(၂၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးခင်မောင်ဝင်း(ဘ)ဦးသိန်းဝင်း(ခ)ဦးလောစံ(၉/မနတ(နိုင်)၀၉၄၉၀၄)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း(၁၅ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်(ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူများဖြစ်သည့် ဦးစန်းကိုကို(ဘ)ဦးမြင့်သိန်း(၉/ခမစ(နိုင်)၀၁၆၃၅၃) (ပါ-၂)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ➤ ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၁)၊ ဦးပိုင်နံပါတ်(၂၂-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးမြပေါ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း(ဘ)ဦးအောင်မှန်း(၉/ကဆန(နိုင်)၁၂၁၁၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၇)၊ ဦးပိုင်နံပါတ်(၈-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဂျန်ကျွမ်းရန်(ဘ)ဦးဂျန်ရှောင်ချော်(၁၃/တမည(နိုင်)၀၁၃၂၈၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်နံပါတ်(၄၂၂/A)၊ မြေဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မြင့် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်အစိတ်အပိုင်း(ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးမြင့်နိုင်(ဘ)ဦးမောင်ရှင်(၈/ပခက(နိုင်)၁၉၃၁၂၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**
**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၇၉၇၇၉၈၃၅၇၊ ၀၉–၂၅၉၀၉၀၄၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၄)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နွယ်နွယ်ထွေး အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်တစ်ထပ် အဆောက်အအုံ(၁)လုံးနှင့် Steel Stru-cture (၁)ထပ်ဂိုထောင် အဆောက်အအုံ(၁)လုံး၊ ရေ+မီး အပါအဝင် ပေါက်ရောက်သစ်ပင် အုတ်တံတိုင်းခတ်ပြီး၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နွယ်နွယ်ထွေး(ဘ)ဦးလောအိုက်(၁၃/နမတ(နိုင်)၀၃၅၂၆၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်နိုင်အိဝါ(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**(မမ–၂၈)၊ တိုက်(၂၂)၊ အခန်း(၇)၊ မြရည်နန္ဒာအိမ်ရာ၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၇၄၁၆၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉၀၂)၊ အရှေ့လားသော်-ဦးချစ်ပေါ မြေအစပ်၊ အနောက်လားသော်-ဦးဝင်းမြင့်အောင် မြေအစပ်၊ တောင်လားသော်-လမ်း၊ မြောက်လားသော်-ဦးကျော်ဝင်းမောင် မြေအစပ် စသည့် နယ်လေးရပ်အတွင်းရှိ အရှေ့အနောက်(၁၂ ပေ)၊ တောင်မြောက်(၃၁ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်နွယ်(ခ)ဒေါ်လုံလုံ(ဘ)ဦးထွန်းရွှေ(၉/မရတ(နိုင်)၀၄၅၆၆၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးကျော်မြင့်(ခ)ဦးဖိုးကျော်(LL.B)**
**ဒေါ်ဝင်းဝင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၉၀၁)၊ ချမ်း/မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၄၀၂၅၈၀၁၁၄၊ ၀၉–၄၂၃၄၂၉၉၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၁၁)၊ ဦးပိုင်နံပါတ်(၃၆-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအောင်လွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသီလ်ဗဟာဒူး(ဘ)ဦးနားရ်ဗဟာဒူး(၁၃/လရန(နိုင်)၀၈၇၄၉၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူဇာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉–၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၁)၊ ဦးပိုင်အမှတ်(၂-ထ)၊ မြေကွက်ပေါ်တွင် ဦးသိန်းစိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၀၉၄၄၃)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁)၊ ဦးပိုင်အမှတ်(၂၄-က)၊ မြေကွက်ပေါ်တွင် ဒေါ်အေးအေးငြိမ်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၇၄၁၃၁)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၃)၊ ဦးပိုင်အမှတ်(၆၆-ခဲစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်မြင့်မြင့်ဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၄၀၈၃၃)က နံကပ်(၂)ထပ် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၇၃)၊ ဦးပိုင်အမှတ်(၆၉)၊ မြေကွက်ပေါ်တွင် ဒေါ်နီနီဝင်း(ခ)ဆွေဆွေဝင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၅၈၅၅၁)က RC(၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

